## မောင်မောင်ဖြူ [ ၁၉၃၀ – ၁၉၉၂ ]

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ညောင်တိုဘုတာအနီး ဈေးကုန်းရွာ၌ အဖ မြေတိုင်းစာရေးကြီး ဦးညွှန့်၊ အမိ ဒေါ်ခင်မယ်တို့က ၁ ဖေဖော်ဝါရီ ၁၉၃၀ တွင် မွေးဖွားခဲ့သည်။ မွေးချင်းရှစ်ယောက်တွင် စတုတ္ထမြောက် ဖြစ်၍ ငယ်မည် မောင်စောဖြူ၊ အမည်ရင်းမှာ ဦးသန်းရှိန် ဖြစ်သည်။

ငယ်စဉ်က ဈေးကုန်းရွာ လောကမာတ်ကျောင်းတွင် သတ္တမတန်းအထိ နေခဲ့သည်။ ၁၉၄၈–၄၉ တွင် ရန်ကုန် အောင်တက္ကသိုလ်၌ တက္ကသိုလ်ဝင်တန်းအထိ သင်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းတွင် ဈေးကုန်းရွာ အာရှလူငယ် ကင်းထောက်လုလင်၊ ၁၉၄၇ တွင် ကျောက်ပန်းတောင်းမြို့နယ် ဆိုရှယ်လစ်ပါတီနှင့် တောင်သူလယ်သမားအစည်းအရုံး မြို့နယ် စည်းရုံးရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ကျောင်းသားဘဝကပင် စာပေဝါသနာပါ၍ လေ့လာလိုက်စားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ တနင်္သာရီသတင်းစာတွင် 'တောင်နီ' ကလောင်အမည်ဖြင့် နိုင်ငံရေးဆောင်းပါးများ စ ရေးခဲ့သည်။ ၁၉၆၁ တွင် ပန်းတိုင်ဂျာနယ်နှင့် ဗိုလ်တထောင်သတင်းစာတို့၌ 'ဒေါင်းနီ' အမည်ယူ၍ ဆောင်းပါးများ ရေး၏။ ၁၉၆၂ မှ စ၍ 'မြေလတ် မောင်မောင်ဖြူ' ကလောင်အမည် ယူခဲ့သည်။ ဗိုလ်တထောင်သတင်းစာနှင့် ငွေတာရီ၊ သွေးသောက်၊ နဝဒေး မဂ္ဂဇင်းများတွင် ထန်းအကြောင်း ဆောင်းပါးများနှင့် ထန်းသမားဘဝ သရုပ်ဖော်ဝတ္ထုတိုများ ရေးခဲ့သည်။ **နွေဦးကာလ မြူထသောအခါ** (၁၉၆၇) တွင် 'မောင်မောင်ဖြူ' အမည် စ ယူသည်။

**ရွာတောချစ်** (၁၉၇၀)၊ **မရုတာမောင်းလော ဆောင်စည်လော** (၁၉၇၁၊ ၁၉၇၅)၊ **နမနီလာ မှိုင်းပြာနီလင်း** (၁၉၇၁)၊ **သောကမိုးသည်း စံအိမ်ထဲဝယ်** (၁၉၇၂)၊ **နှင်းမှုန်ကြားမှ စောသခင်** (၁၉၇၂)၊ **ရွှေမြရုံဖြယ်** (၁၉၇၂)၊ **ငယ်ကျွမ်းသက်ညှာ ကြွေကာ နှမ်းရောင်မည်** (၁၉၇၂)၊ **တိမ်တညို (သို့မဟုတ်) သည်းမြနှောင်ချည်** (၁၉၇၂)၊ **ပန်းတောလေ ကြွေကာလွင့်ပါလို့** (၁၉၇၂)၊ **စံအိမ်ကို စိန်နှင့် မွန်းပါ့မယ်** (၁၉၇၂)၊ **စိန်မတိုးတဲ့ တိမ်မိုးဆင်** (၁၉၇၃)၊ **မြပန်း စိန်ခက် သွယ်သွယ်ထက်မှ** (၁၉၇၃)၊ **ဝါဝါညက်ညက်ဖြူ** (၁၉၇၃)၊ **မဖုရားစံရာ ဓမ္မကျွန်းလုံး** (၁၉၇၃)၊ **ရွှေလှော်စံကျွန်း ပြာလဲ့ရွှန်း** (၁၉၇၃)၊ **ကန္တာရစမ်းရည်** (၁၉၇၄)၊ **ညမှာပွင့်သော ကုမုဒြာ** (၁၉၇၄)၊ **ဓာတကျွန်နှာလိုလူစား** (၁၉၇၆)၊ **ကျားပါးစပ်မှ အပြန်** (၁၉၈၇) ဝတ္ထုရှည်များနှင့် ဝတ္ထုတို၊ ဆောင်းပါးပုဒ်ရေ ၂၀၀ ခန့် ရေးသားခဲ့သည်။ 'နွေဦးကာလ မြူထသောခါ' ဖြင့် ၁၉၆၇ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည် ဒုတိယဆုကို ရရှိခဲ့သည်။ ၎င်းဝတ္ထုကိုပင် ဂျပန်အမျိုးသား Mr. Shizuo Katoda (မြန်မာအမည် ဦးကျော်ဆွေ) က ၁၉၉၀ ပြည့်နှစ်တွင် ဂျပန်ဘာသာ ပြန်ဆို ထုတ်ဝေခဲ့သည်။

၁၇ မတ် ၁၉၉၂ တွင် ရန်ကုန်မြို့မှာ ကွယ်လွန်သည်။

"…. ထန်းသမားလောက သဘာဝ၊ …. သဘောကို ဝတ္ထုရေးဖွဲ့သဖြင့် နွေဦးကာလ မြူထသောခါ သည် လန်းဆတ်သောတန်ဖိုး ရှိလာသည်။ …."

– နွယ်သစ်၏ 'စာရေးဆရာနှင့် စာ'၊ လုပ်သားပြည်သူ့နေ့စဉ် (၄၊ ၆၊ ၆၇) …. မှ။

"…. စာရေးဆရာတို့ အရေးအဖွဲ့ နည်းသော ထန်းသမားလောကကို အခြေခံ ရေးဖွဲ့ထားခြင်း ဖြစ်၏။"

– ဦးကြီးမောင်၏ 'စာကြေးမုံ'၊ ကြေးမုံသတင်းစာ (၂၆၊ ၆၊ ၆၇) …. မှ။

"…. ထန်းသမားတို့၏ အဖိနှိပ်ခံ ဘဝကို ဖော်ထုတ်သည်။ …."

– ဦးကိုကိုလေး၏ 'သိန်းဖေမြင့်၊ ဦးနုနှင့် မောင်မောင်ဖြူ'၊
*ဗိုလ်တထောင်သတင်းစာ* (၈၊ ၈၊ ၆၇) …. မှ။

"…. ကျောက်ပန်းတောင်းမြို့ ဝန်းကျင်ရှိ ထန်းလုပ်သားတို့၏ ဘဝသရုပ်ဖော် ဝတ္ထု၊ ဦးတည်ချက် စေတနာကောင်းဖြင့် ရေးဖွဲ့သည်။"

– တက္ကသိုလ်ဝင်းမွန်၏ 'မြန်မာဝတ္ထုရှည်သမိုင်း'၊ ဝတ္ထုရှည်စာတမ်းများ ဒုတိယတွဲ (၁၉၈၁)။ စာ ၂၈၇ …. မှ။

"(ဝေဖန်ရေးဆရာ) အားလုံး၌ တူညီသော သဘောထားတစ်ရပ်မှာ မောင်မောင်ဖြူ၏ ထန်းသမား ထန်းလုပ်သား လောက၌ ကျွမ်းကျင်ခြင်းနှင့် မောင်မောင်ဖြူ၏ လူတန်းစား စေတနာပင် ဖြစ်ပေသည်။"

– မလိခ၏ *မြန်မာဝတ္ထုအညွှန်းပေါင်းချုပ်* (၂၀၀၇)၊ စာ ၆၄၀ …. မှ။